# ကမ္ဘာ့ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေးကြိုးပမ်းမှုတွင် မြန်မာနိုင်ငံလက်တွဲပါဝင်ခြင်း

၂၀၀၇ ခုနှစ် ဇန်နဝါရီလ (၁၄) ရက်၊ ရန်ကုန်မြို့။



မြန်မာ့ရိုးရာကစားစရာတစ်ခုက ဝက်သက်ရောဂါကာကွယ်ဆေး ထိုးစီမံကိန်း၏ အမှတ်အသား တစ်ခုဖြစ်လာပါသည်။

ဘုရားစောင်းတန်းများတွင်ရောင်းချလေ့ရှိသည့်ရောင်စုံခြယ် ပစ်တိုင်းထောင်ရုပ်ကလေးသည် ယနေ့ရန်ကုန်မြို့တွင် စတင်လိုက်သော အမျိုးသားဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေး မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် မြန်မာနိုင်ငံ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးစီမံကိန်း၏ အမှတ်အသားတစ်ခုဖြစ်လာပါသည်။

ဤပါးအို့နီနှင့်အရုပ်ကလေးသည် အဝေးသို့ပစ်လိုမှ်ကစားလိုက်တိုင်း မတ်မတ်ပြန်ထောင်လေ့ရှိသောကြောင့် ပစ်တိုင်းထောင်ဟု ခေါ်ရခြင်းဖြစ်ပါသည်။

ပစ်တိုင်းထောင်သည်အထူးသဖြင့်ပွဲတော်များတွင် ကလေးများအတွက် ရောင်းချသောရိုးရာကစားစရာတစ်ခုဖြစ်ကြောင်း၊ ပစ်လိုမ့်လိုက်တိုင်း အမြဲပြန်လည်မတ်ထောင်လာသည့်အတွက် ကလေးများအထူး ကြိုက်နှစ်သက်သည့် ကစားစရာတစ်ခုဖြစ်ကြောင်း၊ ဤကျန်းမာကြံ့ခိုင်ခြင်းသင်္ကေတဖြစ်သော ပစ်တိုင်းထောင်ရုပ်ကလေးကဲ့သို့ မိဘများက မိမိတို့၏ကလေးများကို ကျန်းမာကြံ့ခိုင်သန်စွမ်း စေလိုကြကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူထုဆက်သွယ်ရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်လျက်ရှိသော ယူနီဆက်မှဒေါ်မြင့်မြင့်လှက ပြောကြားသည်။

မြန်မာနိုင်ငံရှိ ၉ လ မှ ၅ နှစ်အရွယ်အတွင်းရှိ ကလေးငယ်ပေါင်း ၇ သန်းကို ကာကွယ်ဆေးထိုးပေးမည့် ဤစီမံချက်သည် မြန်မာနိုင်ငံတွင်အကျယ်ပြန့်ဆုံး ကာကွယ်ဆေးထိုးစီမံကိန်းတစ်ခုဖြစ်ပြီး ၂၀၀၇ ခုနှစ် ပွင့်လင်းရာသီအတွင်း အဆင့် ၃ ဆင့်ခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပထမအဆင့်အဖြစ် ဇန်နဝါရီလ (၁၄) ရက် မှ (၂၇) ရက်အတွင်း ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတွင် ကလေးငယ် ၁.၈ သန်းကို ကာကွယ်ဆေးထိုးမည်ဖြစ်သည်။ ဒုတိယအဆင့်ကိုမတ်လအတွင်း တိုင်းနှင့်ပြည်နယ် ၇ ခု (ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နှင့်ရှမ်း) နှင့် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းဆက်စပ်နေသော စစ်ကိုင်းတိုင်းအထက်ပိုင်းရှိနေရာများနှင့် ထိုင်းနိုင်ငံနယ်နိမိတ်ရှိ တနင်္သာရီတိုင်းဒေသများတွင် ဆောင်ရွက်သွားမည်ဖြစ်သည်။ တတိယပိုင်းအဆင့်အဖြစ် မိုးရာသီအစမေလတွင်ကျန်ရှိသောပြည်နယ်၊ တိုင်းများအထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ပထမအဆင့်အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုး ဆောင်ရွက်မှုစီမံချက်တွင် သားဖွားဆရာမပေါင်း ၁၇၅၀ ကျော်၊ လုပ်အားပေး ၇၀၀၀ ကျော်တို့ဖြင့် စုရပ်များနှင့်ရပ်ရွာအတွင်း လှည့်လည်ဆေးထိုးကြမည်ဖြစ်ပြီး၊ သားဖွားဆရာမနှစ်ဦးနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းအပါအဝင် အဖွဲ့အစည်းများမှ လုပ်အားပေးလေးဦးပါဝင်သော အဖွဲ့ငယ်များဖွဲ့စည်းကာ ဆောင်ရွက်ကြမည်ဖြစ်ပါသည်။

ဤစီမံချက်သည်ဝက်သက်ရောဂါကာကွယ်နှိမ်နင်းခြင်းစုစည်းမဟာဗျူဟာ၏ အပိုင်းလေးပိုင်းအနက် ပထမပိုင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားပါသည်။ ဒုတိယအကြိမ်ဝက်သက်ကာကွယ်ဆေးထိုးခြင်းကို ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းအဖြစ် ၉ လအရွယ်ပထမအကြိမ်ဆေးထိုးအပြီး အသက် ၁၈လတွင် ထိုးနှံရမည်ဖြစ်သည်။ တတိယနှင့်စတုတ္ထပိုင်းတို့တွင်မူ ဝက်သက်ရောဂါဖြစ်ပွားမှုဖြစ်နိုင်ခြေ ရှိမရှိစုံစမ်းစောင့်ကြည့်ခြင်းနှင့် ဖြစ်ပွားမှုကိုကိုင်တွယ် ဖြေရှင်းမှုခြင်းတို့ ဆောင်ရွက်မည်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့် The Centres for Disease Control တို့မှ ဤစီမံချက်အားအစီအစဉ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ခြင်း၊ သုံးသပ်ခြင်းများတွင် နည်းပညာပိုင်းဆိုင်ရာကူညီမှုအဖြစ် ပံ့ပိုးမည်ဖြစ်ပါသည်။ United Nations Foundation နှင့်အမေရိကန်ကြက်ခြေနီအသင်းများက ငွေကြေးဆိုင်ရာထောက်ပံ့မှုပေးမည်ဖြစ်သည်။



ဝက်သက်ရောဂါမှာ အလွန်ကူးစက်လွယ်သောရောဂါဖြစ်ပြီး ကလေးများ အသက်ဆုံးရှုံးနိုင်ခြင်း၊ ဦးနှောက်ပျက်စီးခြင်း၊ အမြင်အာရုံ၊ အကြားအာရုံ ပျက်စီးခြင်းတို့ ဖြစ်တတ်ပါသည်။ "မြန်မာနိုင်ငံသည် ဝက်သက် ကာကွယ်ဆေးထိုးရန် ဦးစားပေး ၄၇ နိုင်ငံတွင်တစ်နိုင်ငံအဖြစ်ပါဝင်ပြီးကမ္ဘာတစ်ဝှန်းလုံးတွင်ဝက်သက်ကာကွယ်ဆေးထိုးပေးခြင်းအားဖြင့် ၂၀၀၀ ခုနှစ် မှ ၂၀၁၀ ခုနှစ်အတွင်း ကလေးများ ဝက်သက်ရောဂါကြောင့်သေဆုံးမှုကို ၉၀ ရာခိုင်နှုန်း လျှော့ချနိုင်မည်ဖြစ်ကြောင်း" ယူနီဆက်ဌာနေကိုယ်စားလှယ်မှပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံဆိုင်ရာ ယူနီဆက်ဌာနေကိုယ်စားလှယ် မစ္စတာရာမက်(ရှ်) ရှရက်(စ်)သာ မှ ပစ်တိုင်းထောင်အမှတ်အသားဖြင့်ပြုလုပ်ခြင်းသည် ကလေးများအားအမြဲသန်မာထွားကျိုင်းကျန်းမာစေရန် ရည်ရွယ်သည့်အတွက် အလွန်လိုက်လျောညီထွေသည့် အမှတ်အသားဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

ဆက်လက်သိရှိလိုပါကဆက်သွယ်ရန်

စုစန်အက်(တ်)ကင်း၊ ဆက်သွယ်ရေးအရာရှိ၊ ပြန်ကြားရေးနှင့်ဆက်သွယ်ရေးဌာန၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်)၊ ရန်ကုန်။
ဖုံး–၂၁၂၀၈၆၊ ဖက်(စ်)–၂၁၂၀၆၃၊ Email : saitkin@unicef.org

***************

ကလေးသူငယ်များသည်ဘဝရှင်သန်မှု၊ ကျန်းမာရေးဝန်ဆောင်မှုနှင့် အသက်ရှင်မှုတို့အားခံစားနိုင်မှုရှိကြောင်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်တွင်ဖော်ပြထားပါသည်။ မြန်မာနိုင်ငံသည် ထိုစာချုပ်ကို ၁၉၉၁ ခုနှစ်တွင်သဘောတူလက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။